**ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

**နေ့စွဲ။** ။ နိုဝင်ဘာလ (၇) ရက်၊ ၂၀၂၀ ခုနှစ်။

# နိုဝင်ဘာလ (၈) ရက်နေ့တွင်ကျင်းပမည့် ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ သတင်းထုတ်ပြန်ကြေညာချက်

ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် ပြည်တွင်းစစ်ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး ရရှိရန် မရှိမဖြစ်လိုအပ်ခြင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးဆိုင်ရာ အပြောင်းအလဲများသည် လည်း နှေးခြင်းညခြင်း ဖြစ်ပေါ်နိုင်ရန် မလွယ်ကူသည့် အရှိတရားကို လက်ခံခြင်း၊ မြန်မာ့နိုင်ငံရေး အသိုင်းအဝိုင်းတွင် နိုင်ငံရေးအယူအဆ ကွဲပြားမှု ပြင်းထန်ခြင်းနှင့်အတူ နယ်ပယ်ပေါင်းများစွာတွင် စိန်ခေါ်မှုများ ပြည့်နှက်နေခြင်းတို့ကို အသိအမှတ်ပြုထားပါသည်။

မြန်မာနိုင်ငံသည် စစ်အာဏာရှင်စနစ်မှသည် ဒီမိုကရေစီစနစ် ဆီသို့ ကူးပြောင်းလာအောင် ကြိုးစားဖော်ဆောင် နေရဆဲကာလတခုတွင် ရောက်ရှိနေသည့် ပကတိအရှိတရားအရ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ(၈)ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပပြုလုပ်မည်ဖြစ်သည်။

၂၀၂၀ ရွေးကောက်ပွဲမှ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲရလဒ်ဖြင့် အနာဂတ်ငြိမ်းချမ်းရေးအတွက် အမျှော် အမြင်ရှိသော အစိုးရ ဖွဲ့စည်းနိုင်မှသာလျှင် နိုင်ငံအတွက် အပေါင်းလက္ခဏာဆောင်သော ပြုပြင်ပြောင်းလဲမှုကို စွမ်းဆောင်နိုင်မည်ဟု လည်း ယုံကြည်ပါသည်။

သို့ဖြစ်၍ ဒီမိုကရေစီကို သက်ဝင်ယုံကြည်သည့် လူထု၊ လူတန်းစား၊ အဖွဲ့အစည်းများအနေဖြင့် ဒီမိုကရေစီ စနစ် အရွေ့ သို့သွားသည့် မှတ်တိုင်တခုအနေဖြင့် သတ်မှတ်လျှက် ရွေးကောက်ပွဲအတွင်း မတူကွဲပြားမှုကိုလက်ခံခြင်းနှင့် နိုင်ငံရေး အရသာဘောထားကြီးမှု၊ ငြိမ်းချမ်းစွာညှိနှိုင်း အဖြေရှာခြင်း စသည့် ရင့်ကျက်မှုတို့ဖြင့် ဤရွေးကောက်ပွဲတွင် ဒီမိုကရေစီ ကျင့်စဉ်ကို လက်တွေ့ပြုလုပ်ပြသရသော အခွင့်အလမ်းတခုအဖြစ် ဖော်ထုတ်ကြမည်ဟု ယုံကြည်ပါသည်။

ထို့ကြောင့် KNU အနေဖြင့် တိုင်းရင်းသားပြည်သူလူထုများနှင့် အဖွဲ့အစည်းများအားလုံးအား အောက်ပါအတိုင်း တောင်းဆိုပါသည်။

၁။ ၂၀၂၀ ခုနှစ်နိုဝင်ဘာလ (၈) ရက်နေ့တွင်ပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲအား လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲအဖြစ် ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးစားပါဝင်ကြရန်၊

၂။ ပြည်တွင်းစစ်ချုပ်ငြိမ်း၍ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးနှင့်အမျိုးသားပြန်လည်သင့်မြတ် ရေးကို ရှေးရှုသည့် အစိုးရတရပ်ကို ရွေးကောက်ပွဲရလဒ်ဖြင့် ဖွဲ့စည်းပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး နှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်မည့် မူဝါဒ ချမှတ်ရန်။

၃။ အစိုးရအသစ်အနေဖြင့် အဆိုပါချမှတ်ထားသည့်မူဝါဒများကိုအခြေခံလျှက် ငြိမ်းချမ်းရေးဆန္ဒ၊ နိုင်ငံရေးစိတ်ဆန္ဒရှိရှိဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးအတွက် ပါဝင်သင့်သူများပါဝင်သော ချန်လှပ်ထားခြင်းမရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖော်ဆောင်ရန်။

ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးသည် လွပ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲမှ တက်လာမည့် ဖြစ်သော မည်သည့်အစိုးရနှင့်မဆို အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုရရှိရေးအတွက် အဖိနှိပ်ခံဘဂတူတိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် နိုင်ငံ ပြုပြင်ပြောင်းလဲရေးတွင် ပါဝင်ကြသည့် အဖွဲ့အစည်းများ၊ ပြည်သူလူထုများနှင့်အတူ ပူးပေါင်း ပါဝင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ဗဟိုအလုပ်မှုဆောင်ကော်မတီ**
**ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး**

ဆက်သွယ်ရန်- (၁) ပဒိုစောကွယ်ထူးဝင်း (+ ၉၅ ၉၄၂ ၂၁၉ ၁၉၄၁) (+ ၆၆ ၈၁၈ ၀၇၆၂၇၉)
(၂) ပဒိုစောတာဒိုမူး (+ ၉၅ ၉၇၉ ၅၈၈ ၇၀၈၅) (+ ၆၆ ၆၄၆ ၄၅၉ ၁၁၃)